# အပတ်စဉ်ထုတ်ပြန်ချက် ဝ် ၂၀၂၂ ခုနှစ် မေလ ၃၀ ရက်နေ့မှ ဇွန်လ ၅ ရက်နေ့အထိ

အကျဉ်းချုပ်

လူ့အခွင့်အရေး
ချိုးဖောက်မှုများ

မြန်မာနိုင်ငံတွင်းမှ
ပဋိပက္ခများ

နေ့စွဲအလိုက် မှတ်တမ်းများ

လူ့ အ ခွင့် အ ရေး မှတ် တမ်း ကွန် ရက် ( မြန် မာ နိုင် ငံ )

အပတ်စဉ်ထုတ်ပြန်ချက်ကြည့်ရန်

# အကျဉ်းချုပ်

၁,၈၇၇+ သတ်ဖြတ်ခံရ

၁၃,၉၅၉+ ဖမ်းဆီးခံခဲ့ရ

၁၀,၉၀၃+ ချုပ်နှောင်ခံထားရဆဲ

၁,၉၇၉+ ဖမ်းဝရမ်းထုတ်ခံရ

## မြန်မာနိုင်ငံ အရှေ့ဘက်ပိုင်းတွင် တိုက်ပွဲများ ပို၍ ပြင်းထန်လာနေသည်။

ကရင်နှင့် ကရင်နီ(ကယား)ပြည်နယ်တို့တွင် စစ်အာဏာရှင်တပ်တို့၏ ထိုးစစ်ဆင်မှုကို  အရပ်သားများ အပြင်းအထန် ခံခဲ့ရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း နာသ ထူးကျေးရွာတွင် ချက်ပြုတ်နေစဉ် နေအိမ်တွင်းသို့ အမြောက်ကျည်ထိမှန်ကာ သေဆုံးသွားသည့် မိခင်တစ်ဦးနှင့် သူမ၏ အသက် ၇ နှစ်အရွယ် သမီးငယ်  ထိခိုက်ဒဏ်ရာ ရှိခဲ့ကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG နှင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း တို့မှ ထုတ်ပြန်ခဲ့သည်။ မြန်မာစစ်တပ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်တို့အကြား တိုက်ပွဲများ ဖြစ်ပွားနေချိန်တွင် အဆိုပါ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်ကာ ကရင်ပြည်နယ် တစ်ဝှမ်းတွင် အရပ်သား ၂၀၀,၀၀၀ ကျော် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ မှ မြန်မာနိုင်ငံ အရှေ့ပိုင်း လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအား တွေ့ဆုံမေးမြန်းထားမှုများနှင့် သက်သေများ ပါဝင်သော “ကျည်ဆန် မိုးတွေရွာနေတယ်” ခေါင်းစဉ်ဖြင့် အစီရင်ခံစာသစ်ကို ထုတ်ပြန်ခဲ့သည်။ ရွာသားများ၏ အကြောက်တရားဖြင့် နေထိုင်ရသည့်ဘဝနှင့် ရှင်သန်ရပ်တည်ရေးကို အဓိက ဦးစားပေးအဖြစ် ဖော်ပြခဲ့ အလွန်အရေးတကြီး အခြေအနေတစ်ရပ်ဖြစ်ကြောင်းကို ထုတ်ပြန်ကြေငြာ ကြေညာခဲ့သည်။ပစ်မှတ်ထားသော လေကြောင်းတိုက်ခိုက်မှုတွင် ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးမည်ကို စိုးရိမ်နေကြပြီး ညဘက်တွင် ကြားရသော လေယာဉ်ပျံသံများကြောင့် အရပ်သားများ အိပ်မပျော်နိုင်ပေ။

ကရင်နီအရပ်ဘက်လူမှုအဖွဲ့အစည်းကွန်ရက်၏ နောက်ဆုံးသတင်းထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် မေလ ၉ ရက်မှ ၂၂ ရက်အတွင်း နယ်မြေရှင်းလင်းရေး ထိုးစစ်ဆင်ခြင်းများ ဆက်လက်လုပ်ဆောင်ခြင်းကြောင့် အရပ်သားများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည်။ စစ်အာဏာရှင် တပ်ဖွဲ့များသည် ထိုးစစ်ဆင် တိုက်ခိုက်မှုများကို တစ်ရစပ် လုပ်ဆောင်ခဲ့ပြီး နေရာစွန့်ခွာရသောထွက်ပြေးရှောင် ရွာသားများ တိုးလာခဲ့သည်။ ပရမ်းပတာ ပစ်ခတ်မှုများကြောင့် ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံများသို့ ပို့ဆောင်ရန် လမ်းကြောင်းများ ပိတ်ဆို့နေပြီး ဆေးဘက်ဆိုင်ရာ ထောက်ပံ့မှုများ ရရှိရန် ပိုမိုခက်ခဲလာသောကြောင့် ရွေးချယ်စရာ အကန့်အသတ်ရှိနေသည်။ အထူးသဖြင့် အာဟာရချို့တဲ့သူဦးရေ တိုးလာနေသည့်ကြားတွင် တိုင်းရင်းသား ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများသည် ဝန်ဆောင်မှုပေးရာတွင်လိုအပ်ချက်များကို ဖြည့်စည်းပေးရန်  ရုန်းကန်နေရသည်။ တိုက်ပွဲများ လျှော့ပါးလာမည့် အရိပ်အယောင်များ မရှိသောကြောင့် အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများတို့၏ အခြေခံလိုအပ်ချက်များ ဆုံးရှုံးနေရသည်။

ကျွန်ုပ်တို့၏  ND-Burma နှင့် ကွန်ရက်အဖွဲ့ဝင်များသည် ကရင်နှင့် ကရင်နီ (ကယား) ပြည်နယ်များတွင် ရက်စက်ကြမ်းကြုတ်သည့် ချိုးဖောက်မှုများ တိုးလာနေမှုများကို မှတ်တမ်းတင်ထားသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ND-Burma နှင့် ကရင်နီလူ့အခွင့်အရေးအဖွဲ့တို့ ပူးပေါင်းအစီရင်ခံစာတွင် “ကမ္ဘာကြီးသိသင့်တယ်” ဟူသော စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို သက်သေအထောက်အထားများဖြင့် ထုတ်ပြန်ခဲ့သည်။ ND-Burma ၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) မှ 2022 ခုနှစ် မေလတွင် ရက်စက်ကြမ်းကြုတ်သော လူ့အခွင့်အရေးချိုးဖောက်မှု လစဉ် ခြုံငုံသုံးသပ်ချက် ထုတ်ပြန်ခဲ့ပါသည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ရွှေ့ပြောင်းနေထိုင်သူ အရေအတွက် မြင့်တက်လာသည့်အပြင် စစ်သားများသည် ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အကာအကွယ်ရနေမှုများ တိုးလာခြင်းကို HURFOM မှ မှတ်တမ်းတင်ထားသည်။

# လူ့အခွင့်အရေးချိုးဖောက်မှုများ

အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်း
နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခြင်း
စီးနင်းတိုက်ခိုက်ခြင်း

**စစ်ကိုင်းတိုင်းဒေသကြီး ၊ ကလေးမြို့နယ်** – စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် အရပ်သားများ ခိုလှုံနေထိုင်စဉ် စစ်တပ်မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများထဲတွင် အသက် ဆယ်နှစ်အရွယ် ကလေးတစ်ဦး လည်း ပါဝင်ခဲ့သည်။

**ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်**– ရခိုင်ပြည်နယ်ရှိ စစ်ဘေးရှောင်စခန်းများကို ထိုဒေသတွင် တပ်စွဲထားသော အကြမ်းဖက်စစ်တပ်မှ ပစ်မှတ်ထားပြီး လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။

**မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်**– စစ်တပ်မှ ဖမ်းသွားပြီး ပေါ်တာအဖြစ်ခိုင်းစေခဲ့သည့် ဒေသခံ ၆ ဦးကို ညှဉ်းပမ်းနှိပ်စက်ခံရသည့် ဒဏ်ရာများဖြင့် သေဆုံးလျက်ရှိတွေ့ရှိရသည်။

**ရန်ကုန်တိုင်းဒေသကြီး** – ဆန္ဒပြနေသော လူငယ် ၅ ဦးကို ကားနှင့်တိုက်ကာ ဖမ်းဆီးခဲ့ပြီး သေနတ်ဒင်ဖြင့် ထုရိုက်ခဲ့ကြောင့် ထိခိုက် ဒဏ်ရာရခဲ့သည်။ ၎င်းတို့၏ အခြေအနေနှင့် မည်သည့်နေရာတွင် ဖမ်းဆီးထားကြောင်းကို မသိရသေးပါ။

# မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

မြန်မာနိုင်ငံတဝှမ်း လူဦးရေ ၈၈၉,၉၀၀ ခန့်သည် မတည်ငြိမ်မှုများနှင့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရဆဲဖြစ်သည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ်တွင် အကြမ်းဖက်စစ်တပ်မှ အရပ်သားများကို စနစ်တကျ ဖိနှိပ်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက် လုပ်ဆောင်နေသည်။ ၂၀၂၂ ခုနှစ် မေလ ၅ ရက်နေ့တွင် ဒေသခံရွာသားများအား ဓားစာခံအဖြစ် စစ်အစိုးရက ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ၎င်းတို့အားပြန်လွှတ်ပေးရန် ဖိအားများ မြင့်တက်လာခဲ့သည်။

**ထပ်မံဖတ်ရှုရန်**

## ချင်းပြည်နယ်

ND-Burma ၏ ဆက်စပ်အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) မှ ချင်းပြည်နယ်တွင် မြန်မာစစ်တပ်၏ အကြမ်းဖက်ထိုးစစ်များ တိုးမြင့်လာခြင်းနှင့် ပတ်သက်၍ ထုတ်ပြန်ခဲ့သည်။

**ထပ်မံဖတ်ရှုရန်**

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်သည် လတ်တလောတွင် အကြမ်းဖက်စစ်တပ်၏ ပြင်းထန်သော ထိုးစစ်များနှင့် တိုက်ခိုက်မှုများ၏ ပစ်မှတ်ဖြစ်သည်။ မေလအစပိုင်းမှစ၍ တိုက်ပွဲများ ပိုမိုဖြစ်ပွားလာပြီး (၂)နှစ်ကြာ အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်မှုကြောင့် အရပ်သားကြား စိုးရိမ်မှုများမြင့်တက်လာနေသည်။

**ထပ်မံဖတ်ရှုရန်**



# ကရင်ပြည်နယ်

ကရင်ပြည်နယ်တွင် အကြမ်းဖက်စစ်တပ်မှ အရပ်သားများကို စနစ်တကျ ဖိနှိပ်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက် လုပ်ဆောင်နေသည်။ ၂၀၂၂ ခုနှစ် မေလ ၅ ရက်နေ့တွင် ဒေသခံရွာသားများအား ဓားစာခံအဖြစ် စစ်အစိုးရက ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ၎င်းတို့အားပြန်လွှတ်ပေးရန် ဖိအားများ မြင့်တက်လာခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း နယ်ခြားစောင့်တပ်မှ လေ့ကေကော်စခန်းမှ ထွက်ခွာခဲ့ပြီး စစ်တပ်အတွက် ပေါ်တာအဖြစ် မတရား ဖမ်းဆီးခေါ်ဆောင်သွားသူများကိုလည်း လွှတ်ပေးခဲ့သည်။ လေ့ကေကော်သို့ ပြန်သော စစ်ဘေးရှောင် ရွာသားအများစုမှာ ၎င်းတို့၏ နေအိမ်များ မီးလောင်ပျက်စီးကာ လုယက်ဖျက်ဆီးခံခဲ့ရသည်ကို တွေ့ရှိခဲ့ရသည်။

ကရင်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောထဲတွင် ခိုလှုံနေရသော စစ်ဘေးရှောင်တို့၏ အခြေအနေ ပိုမိုဆိုးရွားလာခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုနှင့် မိုးဦးရာသီ မိုးရွာသွန်းမှုများကြောင့် စစ်ဘေးရှောင်များတို့၏ လိုအပ်ချက်များကို ပို့ဆောင်ပေးရန် ကြိုးပမ်းနေသည့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များအတွက် ပို၍ခက်ခဲစေသည်။ ဒေသခံပြည်သူများ အသက်ရှင်သန်ရန် ရုန်းကန်နေရချိန်တွင် အကြမ်းဖက်စစ်တပ်သည် စစ်ဘေးရှောင်စခန်းများကို ဆက်လက်ပစ်မှတ်ထားဆဲဖြစ်သည်။ အမိုးအကာ၊ စားနပ်ရိက္ခာနှင့် ဆေးဝါး ပြတ်လပ်မှုကြား အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများသည် ရောဂါနှင့် ဖျားနာမှုများကို ခံစားနေရသည်။ ကျောက်ခက်၊ လေးဒေး၊ ဝေါလေ၊ ကနဲလေး၊ တာအူ့ထာ့၊ တနေ့ာ့ထာ့၊ သေ့ဘောဘိုး၊ ကလော့ ထော၊ စုကလိနေရာများမှ စစ်ဘေးရှောင်နေကြရသူ ၁၅,၀၀၀ကျော်မှာ လက်ရှိအချိန်ထိ နေရပ် မပြန်နိုင်သေးဘဲ မြဝတီတောင်ပိုင်းတွင် ခိုလှုံနေကြပြီး အရေးပေါ် အကူအညီ လိုအပ်နေသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ AI ၏ အသစ်ထုတ်ပြန်သော “ကျဉ်ဆန်မိုးတွေ ရွာနေတယ်” အစီရင်ခံစာတွင် မြန်မာနိုင်ငံ အရှေ့ပိုင်းမှ စစ်ရာဇဝတ်မှုများနှင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်မှုများ အကြောင်းနှင့် ကရင်ပြည်နယ်မှ ဆယ်စုနှစ်များစွာကြာ ပြည်တွင်းစစ်ပွဲများတွင်း အရပ်သားပြည်သူများကို တိုက်ရိုက် ပစ်မှတ်ထားသည့် ချိုးဖောက်မှုများအကြောင်းကို ဖော်ပြထားသည်။



# ချင်းပြည်နယ်

ND-Burma ၏ ဆက်စပ်အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) မှ ချင်းပြည်နယ်တွင် မြန်မာစစ်တပ်၏ အကြမ်းဖက်ထိုးစစ်များ တိုးမြင့်လာခြင်းနှင့် ပတ်သက်၍ ထုတ်ပြန်ခဲ့သည်။ အကြမ်းဖက်စစ်တပ်၏ ခြေမြန်တပ်ရင်း ၂၅၆၊ ၂၅၇၊ ၂၅၈၊ ၂၃၅၊ ၂၅၁၊ ၂၅၂၊ ၇၁၊ ၈၈၊ ၁၃ နှင့် ခြေလျင်တပ်ရင်း ၃၁၇၊ ၅၄၈၊ ၅၄၉ တို့သည် ချင်းပြည်နယ်သို့ လက်နက်များ ဖြည့်တင်းနေသောကြောင့် လေကြောင်းတိုက်ခိုက်မှုအပါအဝင် မြေလှန်မီးရှို့ အကြမ်းဖက် တိုက်ခိုက်ခြင်းများ လုပ်ဆောင်နိုင်ကြောင်း ဇွန်လ ၁ ရက်နေ့တွင် CHRO မှ သတိပေး နိုးဆော်ထားသည်။ လက်နက်ခဲယမ်းအပြည့်တင်ထားသော စစ်ကား ၁၀၀ ကျော်ဖြင့် ချင်းပြည်နယ်ကို ထပ်တက်လာသောကြောင့် အင်းအားအလုံးအရင်းဖြင့် အပြင်းအထန် မြေလှန်ထိုးစစ်ဆင်ရန် ကြိုးပမ်းနေကြောင်း သတင်းထွက်လာခဲ့သည်။ ထို့ကြောင့် အကြမ်းဖက်စစ်တပ်သည် ချင်းပြည်နယ်တွင်း တိုက်ပွဲကို ရပ်တန့်နှင့် အဆုံးသတ်ရန် စိတ်ဝင်စားမှုမရှိကြောင်းတွေ့ရသည်။

ချင်းပြည်နယ် အနောက်မြောက်ပိုင်းတွင် ထိုးစစ်များ ပိုမိုဆိုးရွားလာသဖြင့် ဇွန် ၃ ရက်နေ့တွင် မြန်မာစစ်တပ် အင်အား၃၀၀ ခန့် ကျောက်ထုလေဆိပ်သို့ ရောက်ရှိခဲ့သည်။ နောက်ပိုင်းတွင် ချင်းပြည်သူ့ကာကွယ်ရေးတပ်မှ အရပ်သားများအား လေကြောင်း သို့မဟုတ် မြေပြင်တိုက်ခိုက်မှုများမှ ခိုလှုံရန် ကတုတ်ကျင်းများတူးခြင်းဖြင့် အဆိုးဆုံးအတွက် ကြိုတင်ပြင်ဆင်ထားရန် သတိပေးနိုးဆော်ခဲ့သည်။



# ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်သည် လတ်တလောတွင် အကြမ်းဖက်စစ်တပ်၏ ပြင်းထန်သော ထိုးစစ်များနှင့် တိုက်ခိုက်မှုများ၏ ပစ်မှတ်ဖြစ်သည်။ မေလအစပိုင်းမှစ၍ တိုက်ပွဲများ ပိုမိုဖြစ်ပွားလာပြီး (၂)နှစ်ကြာ အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်မှုကြောင့် အရပ်သားကြား စိုးရိမ်မှုများမြင့်တက်လာနေသည်။ အထူးသဖြင့် စစ်တက်မှ မူဆလင်ရွာများကို ပစ်မှတ်ထားပြီး လမ်းများတွင် လူငယ်များကို နိုင်ထက်စီးနင်း ဖမ်းဆီးမှုများကြောင့် တပြည်နယ်လုံးရှိ ပြည်သူများသည် တင်းမာမှုများ ကြီးထွားလာမည်ကို စိုးရိမ်နေကြသည်။

ရခိုင်ပြည်နယ်တောင်ပိုင်းတွင် အကြမ်းဖက်စစ်တပ်မှ စစ်ဘေးရှောင်များ ခိုလှုံနေသော ဘုန်းကြီးကျောင်းကို လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့သည်။ လွန်ခဲ့သော ရက်အနည်းငယ်အတွင်းတွင်လည်း အခြားစစ်ဘေးရှောင် စခန်းကို လက်နက်ကြီးဖြင့် ပစ်ခတ်သောကြောင့် စစ်ဘေးရှောင်များကြား စိုးရိမ်ကြောက်လန့်မှုကို ဖြစ်ပေါ်စေခဲ့သည်။ ၂၀၂၂ ခုနှစ် မေလ ပထမပတ်အတွင်း အဆိုပါစစ်ဘေးရှောင်စခန်းသည် မီးဘေးနှင့်ရင်ဆိုင်ခဲ့ရသဖြင့် တဲအိမ်အလုံး ၂၀၀ ကျော် မီးလောက်ကျွမ်းခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကျောက်တော်မြို့နယ်မှ သက်ကြီးတစ်ဦးသည် မြေမြှုပ်မိုင်းနင်းမိ၍ သေဆုံးခဲ့သည်။

ထို့အပြင် ရခိုင်ပြည်နယ်တွင် ရက္ခိုင့်တပ်တော်နှင့် အကြမ်းဘက် စစ်တပ်ကြား ပဋိပက္ခများ အချိန်ပြည့် ပြန်ဖြစ်ပါက " ရခိုင်ပြည်နယ်အတွင်း အဆိုးရွားဆုံး အကြမ်းဖက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း International Crisis Group ၏ အစီရင်ခံစာသစ်တွင် အကြံပြုထားသည်။ " အကယ်၍ ပြည်တွင်းစစ် ပြန်လည်ဖြစ်ပွားပါက ရခိုင်လူမျိုး သုံးသန်းအထိ ထိခိုက်နိုင်ပြီး ရိုဟင်ဂျာများလည်း ထိခိုက်နိုင်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၀ ခုနှစ် နိုဝင်ဘာလအတွင်း ရခိုင်ပြည်နယ်တွင် ပစ်ခတ်တိုက်ခိုက်မှုများ အဆက်မပြတ် ဖြစ်ပွားခဲ့သောကြောင့် တိုက်ပွဲများကြား ပြည်သူများ လုံးလုံးလျားလျား ထိခိုက်ခဲ့ရသည်။

# နေ့စဉ်အလိုက် မှတ်တမ်းများ

ဇွန်လ ပထမပတ်

မေလ ၃၀ ရက်နေ့မှ ဇွန်လ ၅ ရက်နေ့ အထိ

## မေလ

**၃၀** အမျိုးသားညီညွတ်ရေးအစိုးရ NUG ၏ လူသားချင်း စာနာထောက်ထားမှုရေးနှင့် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဝန်ကြီးဌာန၊ ကရင်အမျိုးသား အစည်းအရုံး (KNU)၊ ချင်းအမျိုးသားတပ်ဦး CNFနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)တို့မှ အာဆီယံနှင့် ကုလသမဂ္ဂတို့အား သက်ဆိုင်ရာလူထု ကိုယ်စားပြုအဖွဲ့အစည်းများနှင့် ညှိနှိုင်းလုပ်ဆောင်ရန် ပူးတွဲသဘောထားကို ပူးတွဲ ထုတ်ပြန်ခဲ့သည်။

**၃၁** အာဆီယံ The AHA Center နှင့် သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများမှ မြန်မာနိုင်ငံအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို လူ့အခွင့်အရေးချိုးဖောက်နေသော အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စုနှင့် လက်တွဲဆောင်ရွက်မည့် အပေါ် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကန့်ကွက် ရှုတ်ချကြောင်း ထုတ်ပြန်ကြေငြာခဲ့သည်။

## ဇွန်လ

**၁** ND-Burma ၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော ကချင် အမျိုးသမီးအစည်းအရုံး-ထိုင်းနိုင်ငံ (KWAT) မှ ထုတ်ပြန်သော "ဝေဟင်မှ ခြိမ်းခြောက်မှု အသစ် များ" အစီရင်ခံစာသစ်တွင် ကချင်ပြည်နယ်နှင့် ရှမ်း ပြည်မြောက်ပိုင်းတွင်ကျူးလွန်သော စစ်အုပ်စု၏ စစ် ရာဇဝတ်မှုများကို ဖော်ပြထားသည်။

**၂** အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ AIမှ ထုတ်ပြန်သော "ကျည်ဆန်မိုးတွေရွာနေတယ်" အစီ ရင်ခံစာသစ်တွင် မြန်မာနိုင်ငံ အရှေ့ပိုင်းမှ စစ်ရာဇ ဝတ်မှုများနှင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးမှုများ၊ စစ်အာ ဏာရှင်တို့ ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်သော ချိုးဖောက်မှုများကို သက်သေအထောက်အထားများ ဖြင့် ဖော်ပြခဲ့သည်။

**၃** ND-Burma ၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း HUFROM မှ ၂၀၂၂ ခုနှစ် မေလတွင် ထုတ်ပြန်သော လူ့အခွင့်အရေးအခြေအနေ ခြုံငုံသုံးသပ်ချက်တွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် စစ်ဘေးရှောင် အသစ် ၃၀,၀၀၀ ခန့်ရှိသည်။

**၄** စစ်ခုံရုံးတွင် သေဒဏ်ချမှတ်ခံထားရသော ဒီမိုကရေစီ အရေးလှုပ်ရှားသူ အရပ်သားလေးဦးအား အာဏာရှင် ဆန်ဆန် ကြိုးဆွဲချ ကွပ်မျက်မည်ဟု မြန်မာစစ် အာဏာရှင်မှ ကြေညာခဲ့သည်။

**၅** ပြန်လည်စစ်ဆေးခြင်းဆိုင်ရာ သက်သေများနှင့်သေဒဏ် အယူခံအား ပယ်ချလိုက်ပြီး အရပ်သားများကို မတရား ဖမ်းဆီးထားပြီး တရားလက်လွတ် ကွပ်မျက်သတ်ဖြတ် ရန် စစ်အာဏာရှင်၏ ဆုံးဖြတ်ချက်ကို အရပ်ဘက် အဖွဲ့အစည်းများမှ ရှုတ်ချခဲ့သည်။



လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma